ကလေးများအတွက် သမ္မာကျမ်း
လက်ဆောင်များ

# လူသား၏

# ဝမ်းနည်းမှုအစ



ရေးသားသူ: Edward Hughes

ပန်းချီဆွဲသူ: Byron Unger; Lazarus

လက်ခံချိတ်ဆက်သူ: M. Maillot; Tammy S.

ဘာသာပြန်သူ: Christian Lingua

ထုတ်လုပ်သူ: Bible for Children
www.M1914.org

©2018 Bible for Children, Inc.
လိုင်စင် - သင်သည်ဤဝတ္ထုကို မရောင်းမခြင်း၊ မိတ္တူနှင့် ပုံနှိပ်မှုပြုလုပ်နိုင်သည်။


ဘုရားသခင်သည် အရာရာကိုဖန်ဆင်းခဲ့၏!
ဘုရားသခင်သည် ပထမလူအာဒံကို ဖန်ဆင်းချိန်တွင်
သူသည် သူ့ဇနီး ဧဝနှင့် ဧဒင်ဥယျာဉ်ထဲတွင်
နေထိုင်ခဲ့၏။ သူတို့သည် ဘုရားသခင်ကို နာခံခြင်းဖြင့်
ပြည့်စုံ သောပျော်ရွှင်မှုကို
ကိုယ်တော့်မျက်မှောက်တွင်
ခံစားခဲ့ကြရသည်မှာ
ထိုနေ့တိုင် ဖြစ်ခဲ့ . . .



"ဘုရားသခင်သည်
သင်တို့ကို အပင်တိုင်း
မစားဖို့ မိန့်ခဲ့သလား"
မြွေသည်ဧဝကိုမေးခဲ့၏။ "ငါတို့ သည် တစ်ပင်ကလွဲလို့
အပင်တိုင်းရဲ့အသီးကိုစားနိုင်တယ်" သူမက
ပြန်ဖြေခဲ့သည်။ "ငါတို့အဲဒီအသီးကို
စားခဲ့ရင် ငါတို့သေရလိမ့်မယ်။"
"သင်တို့သေကြရမှာမဟုတ်"
မြွေသည် ပြုံးဖြဲဖြဲဖြင့်ဆို၏။



“သင်တို့သည်
ဘုရားသ္ခင်ကဲ့သို့
ဖြစ်လာကြလိမ့်မယ်။”
ဧဝသည် ထိုအပင်မှအသီးကို
လိုချင်ခဲ့၏။ သူမသည် မြွေ၏
စကားကို နားထောင်ပြီး
အသီးကိုစားခဲ့၏။

ဧဝသည် ဘုရားသခင်ကို နာခံမှုမပြုခဲ့သည့်နောက် အာဒံကိုလည်း ထိုအသီးကို စားစေခဲ့၏။ အာဒံသည် ထိုသို့ပြောခဲ့သင့်ပေ၏။ “မစားဘူး! ကျွန်တော်၊ ဘုရားရဲ့စကားတော်ကို မရိုမသေပြုမှာမဟုတ်”





အာဒံနှင့်
ဧဝတို့ အပြစ်ပြုပြီးနောက်
သူတို့သည် အဝတ်မရှိကြောင်းသိခဲ့ကြ၏။
သူတို့သည် သဖန်း ရွက်ကိုစပ်၍ သူတို့၏အရှက်ကိုကာပြီး
ဘုရားသခင်၏မျက်မှောက်တော်မှ လွတ်ရန် ချုံထဲတွင် ပုန်းနေခဲ့ ကြ၏။


ညချမ်းအချိန်တွင် ဘုရားသခင်သည်
ဥယျာဉ်ထဲသို့ ကြွတော်မူလာခဲ့သည်။ ကိုယ်တော်သည် အာဒံ
နှင့်ဧဝပြုခဲ့သော အမှုကိုသိတော်မူ၏။ အာဒံသည် ဧဝကို
အပြစ်တင်၏။ ဧဝကလည်း မြွေကိုအပြစ်တင် ၏။
ဘုရားသခင်က မိန့်တော်မူခဲ့သည်မှာ “မြွေသည်
ကျိန်ခြင်းကို ခံရမည်။ မိန်းမသည်
ကလေးမွေးသော အခါ
နာကျင်မှုကို ခံစားရလိမ့်မည်။”



"အာဒံ၊ သင်သည်လည်း
အပြစ်ကိုပြုခဲ့သည့်အတွက်
မြေကြီးသည်ကျိန်ခြင်းကို ခံခဲ့ရကာ ဆူးပင်၊
ပေါင်းပင်များ ပေါက်လာခဲ့၏။ သင်သည်
နေ့စဉ်စားရန်အတွက်
ပင်ပန်းကြီးစွာချွေးထွက်အောင်
အလုပ် လုပ်ရလိမ့်မည်။"



ဘုရားသခင်သည် အာဒံနှင့်ဧဝကို အံ့ဖွယ်ကောင်းသော
ဥယျာဉ်မှ နှင်ထုတ်ခဲ့ပါသည်။ အကြောင်းမှာ
သးတို့သည် အပြစ်ပြုခဲ့ကြပြီ၊ သူတို့သည်
အသက်ပေးသောဘုရားသခင်နှင့်
ကွဲကွာသွားခဲ့ကြပြီ။


ဘုရားသ္ခင်သည် သူတို့ကို
မီးလျှံဓားဖြင့် နှင်ထုတ်ခဲ့သည်။ ဘုရားသ္ခင်သည်
အာဒံနှင့် ဧဝအတွက် သားမွေးအဝတ်ကို
ပြုပေးခဲ့သည်။ ထိုသားမွေး သားရေကို
ဘုရားသခင်က
ဘယ်က
ယူခဲ့ရသနည်း?

အချိန်နှင့်အမျှ၊ အာဒံနှင့် ဧဝအတွက် မိသားစုဝင်များ မွေးဖွားလာခဲ့သည်။ သားဦးဖြစ်သော ကာ ဣနသည် ဥယျာဥ်စိုက်သူဖြစ်သည်။ ဒုတိယသား အာဗေလသည် သိုးထိန်းဖြစ်၏။



တစ်နေ့တွင် ကာဣနသည် ဘုရားသခင်အား လက်ဆောင်ပေးရန် ဟင်းသီးဟင်းရွက်တစ်ချို့ကို ယူ ဆောင်လာခဲ့သည်။ အာဗေလသည် လည်း သူ့သိုးများ ထဲမှ အကောင်းဆုံး တစ်ချို့ကို ဘုရားသခင် အား လက်ဆောင်ပေးရန် ယူဆောင်လာခဲ့သည်။

ဘုရားသခင်သည် အာဗေလ၏ လက်ဆောင်ကို ကျေနပ်လေ ၏။



ဘုရားသခင်သည် ကာဣန၏ လက်ဆောင်ကို
နှစ်သက်ခြင်းမရှိချေ။ ကာဣနသည်
အလွန်ဒေါသ ဖြစ်လေ၏။ သို့သော်
ဘုရားသခင်က မိန့်တော်မူသည်မှာ “သင်သာ
မှန်ရာကို ပြုမယ်ဆိုရင် သင့်ကို လက်
မခံပဲ နေမလား?”



ကာက္ကန၏ဒေါသက ပျောက်မသွားချေ။
မကြာမီအချိန်အတွင်းတွင် သူသည်
အာဗေလကို ကွင်း ထဲတွင် တိုက်ခိုက်၍
သတ်ပစ်လိုက်လေသည်။



ဘုရားသခင်သည် ကာဣနကို ပြောခဲ့၏။ “အာဗေလ၊ မင်းရဲ့ညီ
ဘယ်မှာလဲ?” “ကျွန်တော်မသိဘူး၊” ကာဣနက လိမ်သည်။ “ကျွန်တော်ဟာ
ကျွန်တော်ညီကို ထိန်းတဲ့လူလား?” ဘုရားသခင်သည် ကာဣနကိုသူ၏
လယ်ယာလုပ်တတ်သောအစွမ်းကို ရုတ်သိမ်းကာ
လှည့်လည်နေထိုင်သူတစ်ယောက်
ဖြစ်စေခဲ့၏။



ကာဏ္ဍနသည် ဘုရားသွင်၏ မျက်မှောက်တော်မှ
ထွက်ခွါသွားခဲ့ရ၏။ သူသည် အာဒံနှင့် ဧဝ၏ သ
မီးနှင့် လက်ထပ်ခဲ့သည်။ သူတို့သည်
မိသားစုတစ်စု ဖြစ်လာခဲ့ပါသည်။



မကြာမီတွင် ကာဏ္ဍနာ၏မြေနှင့် မြစ်တို့ဖြင့်
သူတည်ထောင်သောမြို့အား ပြည့်လေ၏။



ထိုအတောအတွင်းတွင် အာဒံနှင့် ဧဝတို့၏
မိသားစုတို့သည် လျှင်မြန်စွာ တိုးတက်လာခဲ့သည်။
ထိုအချိန်က လူတို့သည် ယနေ့လူတို့ထက်
အသက်များစွာရှည်ခဲ့ကြ၏။



ဝေက သူ့သား ရှေသ မွေးသောအခါ ဤသို့ဆိုခဲ့၏၊ “ဘုရားသခင်သည် ကျွန်မအား အာဗေလ၏နေ ရာတွင် ရှေသကို ပေးတော်မူပြီ။”

ရှေသသည် ဘုရားကိုကြည်ညိုသောသူဖြစ်ကာ ကလေးများစွာရ၍ အ သက် ၉၁၂ နှစ်အထိ နေထိုင်ခဲ့၏။



ကမ္ဘာလောကကြီးထဲတွင် လူတို့သည် မျိုးဆက်
တစ်ဆက်ထက်တစ်ဆက် ပိုမို ဆိုးသွမ်းလာခဲ့ကြ
၏။ နောက်ဆုံးတွင် ဘုရားသခင်သည်
လူသားမျိုးကို ဖျက်ဆီးရန်
ဆုံးဖြတ်ခဲ့ပြီး . . .



. . . သားရဲနှင့် ငှက်များအားလုံးတို့ ပါဝင်သည်။
ဘုရားသခင်သည် လူသားကို ဖန်ဆင်းခဲ့ခြင်း၌
နောင်တရတော်မူ၏။ သို့သော်
လူတစ်ဦးကတော့ ဘုရားသခင်ကို
ကျေနပ်စေခဲ့၏ . . .



ထိုသူမှာ နောဧ ဖြစ်၏။ ရှေသ၏ မျိုးဆက်ဖြစ်ပြီး နောသေည် ဖြောင့်မတ်၍ အပြစ်ကင်း၏။ သူသည် ဘုရားသခင်နှင့် အတူလျှောက်လှမ်း၏။



သူသည် သူ့သားသုံးဦးကိုလည်း ဘုရားသခင်ကို ရိုသေတတ်ရန် သွန်သင်ထား၏။ ယခု ဘုရားသခင် သည် နောက်ကို အထူးနည်းလမ်းဖြင့် အလွန်ထူးဆန်းစွာ အသုံးပြုရန် စီမံထား၏။



လူသား၏ ဝမ်းနည်းမှုအစ

ဘုရားသခင်၏ နှုတ်ကပတ်တော်ဝတ္ထု၊ သမ္မာကျမ်း

ကို တွင်တွေ့ ခဲ့

ကမ္ဘာဦး ၃-၆

"ကိုယ်တော်၏ နှုတ်ကပတ်တော်မှန်ဝသည် အလင်းကိုပေး၏။."
ဆာလံ ၁၁၉:၁၃၀

ပြီးဒါ

ဤသမ္မာကျမ်းဝတ္ထုသည် ကျွန်ုပ်တို့အား အံ့ဖွယ်ကောင်းလှသော ဘုရားသခင်အကြောင်းကို
ပြောပြပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့အားဖန်ဆင်းခဲ့ကာ သင်တို့သည် ကိုယ်တော့် ကိုသိရှိရန် လိုလားတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့က မကောင်းမှုပြုခဲ့သည့်အကြောင်းကို သိတော်မူပြီး၊ ယင်းကို
ကိုယ်တော်ကအပြစ်ဟုခေါ်သည်။ အပြစ်ဒဏ်မှာ သေခြင်းပင်ဖြစ်၏၊ သို့သော် ဘုရားသခင်သည်
သင့်ကိုအလွန်ချစ်၍ကိုယ်တော်၏ တစ်ပါးတည်းသောသားတော်ကို သင်တို့၏အပြစ်များအ
တွက်လက်ဝါးကပ်တိုင်၌ အပြစ်ပေး၊ အသေခံစေခဲ့ပါသည်။ ထိုနောက် ယေရှုသည် အသက်
တော်ပြန်ရှင်ကာ ကောင်းကင်စံအိမ်တော်သို့ ပြန်တက်တော်မူခဲ့သည်။ သင်သည်ယေရှုကိုယုံ ကြည်၍
ကိုယ်တော့်ထံတော်တွင် အပြစ်လွှတ်ရန် တောင်းပန်ခဲ့လျှင် ကိုယ်တော်သည် အပြစ်
လွှတ်ပေးတော်မူလိမ့်မည်။ ကိုယ်တော်သည် ကြွတော်မူလာကာ သင့်အတွင်း၌ ယခုအသက်ရှင်
တော်မူလိမ့်မည်၊ ၎င်းနောက် သင်သည် ကိုယ်တော်နှင့် ထာဝရနေထိုင်ရပေမည်။

ဤအရာသည်အမှန်တရားဖြစ်၍ သင်ယုံကြည်မည်ဆိုလျှင် ဘုရားသခင်ကို ဤသို့ဆိုလိုက်ပါ။
ချစ်စွာသောယေရှု၊ ကိုယ်တော်သည်ဘုရားသခင်ဖြစ်တော်မူကြောင်းကို ကျွန်ုပ်ယုံကြည်ပါ၏၊ လူ
သားအဖြစ်ကြွရောက်လာကာ ကျွန်ုပ်၏အပြစ်အတွက် အသေခံတော်မူခဲ့ကာ တဖန် ပြန်ရှင်
တော်မူခဲ့ပါ၏။ ကျေးဇူးပြု၍ ကျွန်ုပ်၏ဘဝထဲ ဝင်ရောက်ကာ အပြစ်များကိုလွှတ်တော်မူပါ။ ကိုယ်တော့်ကြောင့်
ကျွန်ုပ်သည် ယခုဘဝသစ်ကို ရနိုင်ပါပြီ၊ တစ်နေ့တွင်ကိုယ်တော်နှင့် ကျွန်ုပ် သည် ထာဝရအတူရှိပါမည်။
ကိုယ်တော့်ကို နာခံတတ်ရန်၊ ကိုယ်တော့်ကလေးကဲ့သို့ အသက်ရှင် တတ်ရန် မစတော်မူပါ။ အာမင်။

သမ္မာကျမ်းစာကိုဖတ်ကာ ဘုရားသခင်နှင့် နေ့စဉ်စကားပြောပါ။ ယော ၃း၁၆